THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT of THE UNION

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်



# မြန်မာနိုင်ငံတရားသူကြီးများအတွက်
# တရားစီရင်ရေးကျင့်ဝတ်

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂ ရက်

# မြန်မာနိုင်ငံတရားသူကြီးများအတွက်

# တရားစီရင်ရေးကျင့်ဝတ်

# A CODE OF JUDICIAL ETHICS

# မာတိကာ


- ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်
- မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်

| | | |
|---|---|---|
| နိဒါန်း | | ၁ |
| အခန်း (၁) | လွတ်လပ်မှု | ၃ |
| အခန်း (၂) | သာတူညီမျှရှိမှု | ၆ |
| အခန်း (၃) | စွမ်းဆောင်ရည်နှင့်လုံ့လဝီရိယရှိမှု | ၈ |
| အခန်း (၄) | သမာသမတ်ကျမှု | ၁၀ |
| အခန်း (၅) | ဖြောင့်မတ်တည်ကြည်မှု | ၁၄ |
| အခန်း (၆) | ဂုဏ်သိက္ခာရှိမှု | ၁၅ |

# ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်

တရားစီရင်ရေးစနစ်သည် မျှတပြီး၊ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှသာ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း တရားဥပဒေ စိုးမိုးနိုင်မည်ဖြစ်သည်။ ပြည်သူအများက တရားစီရင်ရေးစနစ်အပေါ် ယုံကြည်ကိုးစားလာစေရန်နှင့် ယုံကြည်ကိုးစားမှုကို တိုးမြှင့်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် တရားသူကြီးများသည် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားရုံးဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ကို လေးစားလိုက်နာစောင့်ထိန်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံတရားစီရင်ရေးသမိုင်းတွင် တရားသူကြီးများအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ညီညွတ်သော တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ကို ပထမဆုံး ထုတ်ပြန် နိုင်ခြင်း ဖြစ်ပါသည်။ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ကို ထုတ်ပြန်လိုက်ခြင်းအတွက် တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများသာမက တရားစီရင်ရေးကဏ္ဍတွင် ဆက်စပ်ပါဝင်သူများအားလုံးက တရားစီရင်ရေးစနစ်အပေါ် ပိုမိုသဘောပေါက်နားလည်လာပြီး၊ လိုအပ်သောပံ့ပိုးမှုများကို အထောက်အကူပြုခြင်းဖြင့် မျှတ၍ ခိုင်မာသော တရားစီရင်ရေးစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးကို မျှော်လင့်ပါသည်။

မြန်မာနိုင်ငံတရားသူကြီးများအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ညီညွတ်သော တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ကို ထုတ်ပြန်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်မှ စတင် အခြေတည်၍ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကျင့်ဝတ်စည်းကမ်းများ ပြန်လည်သုံးသပ်ရေးကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်၊ မြို့နယ်တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော ဒိန်းမတ်နိုင်ငံ

သံရုံး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် United Nations Development Programme (UNDP)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် International Commission of Jurists (ICJ) နှင့် အပြည်ပြည်ဆိုင်ရာ ပညာရှင်များဖြစ်သည့် Justice Murray Kellam, Former Supreme Court Justice from Victoria, Australia and a leading expert on judicial ethics and integrity training across the Asia Pacific၊ Mr. Dato' Param Cumaraswamy, Former Commissioner of the International Commission of Jurists၊ ဦးထိန်ဝင်း (အငြိမ်းစား ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်) Additional Senior Myanmar Expert (UNDP)၊ Justice Azhar Cachalia, Commissioner of the International Commission of Jurists ၊ Ms. Elodie Beth, Regional Anti-Corruption Advisor UNDP နှင့် Justice Kalyan Shrestha, Commissioner of the International Commission of Jurists တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုတရားသူကြီးချုပ်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

နေပြည်တော်



## နိဒါန်း

ကျင့်ဝတ်ဟူသည် လိုက်နာစောင့်ထိန်းရသော ကိုယ်ကျင့်တရား ဖြစ်ပါသည်။ လုပ်ငန်းတာဝန်တစ်ခုကို ဆောင်ရွက်ရာတွင် မိမိထားရှိရမည့် စိတ်နေစိတ်ထား၊ ဆောင်ရန်၊ ရှောင်ရန်များကို သတ်သတ်မှတ်မှတ် ဖော်ပြ၍ ကျင့်ဝတ်အဖြစ် လိုက်နာဆောင်ရွက်စေသည်ကို တွေ့ရပါသည်။ ဆရာဝန်ဖြစ်ပါက ဆရာဝန်ကျင့်ဝတ်၊ ကျောင်းဆရာများတွင်လည်း ဆရာကျင့်ဝတ်၊ ရှေ့နေဖြစ်ပါက ရှေ့နေကျင့်ဝတ်၊ တရားသူကြီးများတွင် တရားသူကြီးကျင့်ဝတ် စသည်ဖြင့် လုပ်ကိုင်ကြသော လုပ်ငန်းအလိုက် ကျင့်ဝတ်ကို ထားရှိဆောင်ရွက်ကြပါသည်။ ထိုသို့ ကျင့်ဝတ်ထားရှိ ဆောင်ရွက်ကြခြင်းဖြင့် မိမိလုပ်ငန်းတာဝန်အပေါ် အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုး၊ တရားနှင့် မတရား၊ ဓမ္မနှင့် အဓမ္မ ခွဲခြားနားလည်ပြီး၊ တာဝန်သိသိ သစ္စာရှိရှိ ပြည့်ဝသော သဘောထားဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် သာတူညီမျှ၊ ဘက်လိုက်မှုကင်းရှင်းသည့် တရားစီရင်ရေးကို ဦးတည်ဆောင်ရွက်ကြသူများဖြစ်ရာ တရားသူကြီးများ ကျင့်ဝတ်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်းပါ အခြေခံစည်းမျဉ်း အပိုဒ် ၁၀ (Universal Declarartion of Human Rights , Article 10 ) အရ " ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို ဆုံးဖြတ်ခံရာတွင် လွတ်လပ်၍ ဘက်လိုက်မှု မရှိသော တရားရုံးတစ်ရပ်က အများပြည်သူရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းဖြင့်

တန်းတူရည်တူ အပြည့်အဝရပိုင်ခွင့်" ကိုလည်း ရရှိစေပါသည်။ ထိုသို့ဖြစ်ပေါ်စေခြင်းသည် တရားစီရင်ရေးကို ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိစေပြီး၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

တရားသူကြီးများကျင့်ဝတ်ကို တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများက အထူးလေးစားလိုက်နာရန် လိုအပ်ပါသည်။ သို့မှသာ တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်ပါဝင်သူအားလုံးက တရားစီရင်ရေးအပေါ် ပိုမိုနားလည်လာပြီး၊ လိုအပ်သော ပံ့ပိုးမှုများပြုခြင်းဖြင့် တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှု၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ရာရောက်မည် ဖြစ်ပေသည်။



## အခန်း (၁)

## လွတ်လပ်မှု

***အခြေခံမှု*** – တရားစီရင်ရေးလွတ်လပ်မှုသည် တရားဥပဒေစိုးမိုးရေးတွင် အခြေခံလိုအပ်ချက်ဖြစ်ပြီး မျှတသောတရားစီရင်မှု၏ အဓိကအာမခံချက်လည်း ဖြစ်သည်။ ထို့ကြောင့် တရားသူကြီးတစ်ဦးသည် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားစီရင်ရေးလွတ်လပ်မှုကို ထိန်းသိမ်းရမည့်အပြင် တရားစီရင်ရေးလွတ်လပ်မှုရှိကြောင်းကိုလည်း စံနမူနာပြဖြစ်စေရမည်။

တရားစီရင်ရေးလွတ်လပ်မှု၏ လိုအပ်ချက်များတွင် အောက်ဖော်ပြပါတို့ ပါဝင်သည်–

၁။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးဆုံးဖြတ်ချက်တိုင်းကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ချမှတ်ရမည်။

၂။ တရားသူကြီးများသည် တရားစီရင်ရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မစပ်ဆိုင်သော လွှမ်းမိုးမှု၊ မက်လုံးပေးမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု သို့မဟုတ် ဝင်ရောက်စွက်ဖက်မှုတို့မှ ကင်းရှင်းပြီး၊ ဥပဒေကို ကောင်းစွာ သိနားလည်ပြီး အချက်အလက်မှန်များအပေါ် ၎င်း၏ချင့်ချိန်သုံးသပ်မှုကို အခြေခံ၍ လွတ်လပ်စွာ ဆောင်ရွက်ရမည်။

၃။ တရားသူကြီးများသည် အစိုးရဌာန အဖွဲ့အစည်းများဖြစ်သော

အုပ်ချုပ်ရေးအဖွဲ့၊ ဥပဒေပြုရေးအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် သီးခြားစီဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ မဆီလျော်သော ဆက်သွယ်လွှမ်းမိုးခံရမှုများမှ ကင်းရှင်းရမည့်အပြင် အကြောင်းအကျိုးဆင်ခြင်တတ်သူ တစ်ဦးအနေဖြင့်လည်း ယင်းသို့ ကင်းရှင်းမှုကို မြင်သာစေရမည်။

၄။ တရားသူကြီးများသည် ယေဘုယျအားဖြင့် လူမှုအသိုင်းအဝိုင်းနှင့်ဖြစ်စေ၊ မိမိစီရင်ဆုံးဖြတ်ရမည့်အမှုမှ အမှုသည်များနှင့်ဖြစ်စေ အနှောင်အဖွဲ့ကင်းရမည်။

၅။ တရားသူကြီးများသည် မိမိ၏မိသားစုမှဖြစ်စေ၊ လူမှုရေးသို့မဟုတ် အခြားသော ဆက်ဆံမှုအရဖြစ်စေ တရားစီရင်ရေးဆောင်ရွက်ချက်နှင့် စီရင်ချက်ချမှတ်ခြင်းတို့အပေါ် လွှမ်းမိုးခြင်းကို ခွင့်မပြုရ။

၆။ တရားသူကြီးများသည် မိမိ သို့မဟုတ် မိသားစုဝင်တစ်ဦးဦး၏ သို့မဟုတ် အခြားသူတစ်ဦးဦး၏ အကျိုးစီးပွားတိုးတက်စေရန် ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာ ရာထူးဂုဏ်ဒြပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူအား အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရ။ တရားသူကြီးသည် တရားစီရင်ရေးတာဝန်ကို ဆောင်ရွက်ရာတွင် ၎င်းအပေါ် အထူးသြဇာအာဏာရှိသူ တစ်ဦးဦးက လျော်ကန်သင့်မြတ်မှုမရှိသော လွှမ်းမိုးမှုရှိကြောင်း မိမိထင်မြင်ချက်ကို အခြားသူများအား ထုတ်ဖော်ပြောကြားခြင်း မပြုရ။

ထို့အပြင် အခြားသူများက ယင်းသို့ထုတ်ဖော်ပြောကြားခြင်းကို လည်း ခွင့်မပြုရ။

၇။ တရားသူကြီးတစ်ဦးသည် တရားရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ၏ မလျော်ကန်သော လွှမ်းမိုးမှုကို လက်မခံဘဲ စီရင်ဆုံးဖြတ်ချက်များအား လွတ်လပ်စွာ ဆောင်ရွက်ရမည်။

၈။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေး လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် လွတ်လပ်စွာ တရားစီရင်ရေးမှုကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန် အားပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း ပြုရမည်။



## အခန်း (၂)

## သာတူညီမျှရှိမှု

***အခြေခံမှု*** – တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် တရားရုံးရှေ့မှောက်၌ လူတိုင်းအပေါ် သာတူညီမျှမှုရှိခြင်းသည် မရှိမဖြစ် လိုအပ်သည်။

သာတူညီမျှမှုရှိခြင်း၏ လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်သည်–

၁။ တရားသူကြီးများသည် လူတိုင်းအပေါ်တွင် လူမျိုးစုဆိုင်ရာ နောက်ကြောင်း၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှု သို့မဟုတ် မသန်စွမ်းမှုတို့ကို အကြောင်းပြု၍ မမျှတသော ခွဲခြားဆက်ဆံမှုမရှိဘဲ လျော်ကန်သင့်မြတ်သော စဉ်းစားဆင်ခြင် တွေးခေါ်မှု၊ နားလည်မှုတို့ဖြင့် တရားစီရင်ရေးတာဝန်ကို ဆောင်ရွက်ရမည်။

၂။ တရားသူကြီးတစ်ဦးသည် မိမိ၏ တရားစီရင်ရေးတာဝန်ကို ကြောက်ရွံ့ပူပန်ခြင်း၊ မျက်နှာသာပေးခြင်း၊ မလိုမုန်းထားခြင်းတို့ မရှိဘဲ ဆောင်ရွက်ရမည်။

၃။ တရားသူကြီးတစ်ဦးသည် တရားခွင်တွင်ဖြစ်စေ၊ တရားခွင်ပြင်ပ တွင်ဖြစ်စေ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များ၊ သက်သေများ၊ အမှုနှင့် ဆက်နွယ်သူများအားလုံးကို တန်းတူညီမျှ ဆက်ဆံရမည်။

၄။ တရားသူကြီးများသည် မိမိ၏ ကြီးကြပ်လမ်းညွှန်မှုအောက်ရှိ တရားရုံးဝန်ထမ်းများနှင့် အခြားသူများက မိမိ၏ရှေ့မှောက်တွင် မဆီလျော်သော အကြောင်းပြချက်ဖြင့် သက်ဆိုင်သူများအား ခွဲခြားဆက်ဆံခြင်းကို သိလျက်နှင့် ခွင့်မပြုရ။



# အခန်း (၃)

## စွမ်းဆောင်ရည်နှင့်လုံ့လဝီရိယရှိမှု

***အခြေခံမှု*** – စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှုသည် တရားစီရင်ရေး တာဝန်ထမ်းဆောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည်။

စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၏ လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်သည်–

၁။ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေး လုပ်ငန်းတာဝန် အားလုံးအပေါ်တွင် အချိန်၊ စွမ်းအားစသည်တို့ကို လုံးလုံး လျားလျားပေးအပ်မြှုပ်နှံဆောင်ရွက်သင့်သည့်အပြင် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် လုံ့လဝီရိယစိုက်ထုတ် ဆောင်ရွက်ရမည်။

၂။ တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် အချိန်မှန်ခြင်း၊ ပြဋ္ဌာန်းသည့်ကျင့်ထုံးများကို လိုက်နာခြင်း၊ နှောင့်နှေးမှုများကို ရှောင်ရှားခြင်းတို့အား အထူးစွဲမြဲခံယူထားသင့်သည်။ ထို့အပြင် တရားသူကြီးများသည် စီရင်ချက်ချမှတ်ခြင်း အပါအဝင် တရားစီရင်ရေးလုပ်ငန်းတာဝန်များ အားလုံးကို သင့်တော်သောအချိန်အတွင်း ကျွမ်းကျင်မှုတစွာ ဆောင်ရွက်ရမည်။

၃။ တရားသူကြီးများသည် တရားရုံးရှေ့မှောက်ရှိ အမှုများအားလုံးကို စနစ်တကျထိန်းသိမ်းရမည်။

၄။ တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ပျိုးထောင်ပေးသည့် သင်တန်းများအပြင် ရရှိနိုင်သမျှ အခြားအခွင့်အလမ်းများဖြင့် လေ့လာဆည်းပူး၍ လိုအပ်သည့် ဥပဒေအသိပညာ၊လုပ်ငန်းကျွမ်းကျင်မှုနှင့် ကိုယ်ပိုင်အရည်အချင်းများကို ထိန်းသိမ်း၍ တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရမည်။



## အခန်း (၄)

## သမာသမတ်ကျမှု

***အခြေခံမှု*** - သမာသမတ်ကျမှုသည် တရားစီရင်ရေး လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် မရှိမဖြစ် အရေးပါသည်။ ဆုံးဖြတ်ချက် ချမှတ်ရာတွင်သာမက အမှုစစ်ဆေးစီရင်မှုတစ်ခုလုံးတွင်ပါ သမာသမတ် ကျရန် လိုသည်။

သမာသမတ်ကျမှု၏ လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

၁။ တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်း သို့မဟုတ် အဂတိတရားဖြင့် မလိုမုန်းထားခြင်းများမှ ကင်းရှင်းစွာ ဆောင်ရွက်ရမည်။

၂။ ပြည်သူများ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် အမှုသည်များ၏ ယုံကြည်အားထားမှုအပေါ် ထိန်းသိမ်းမြှင့်တင်ရန်အတွက် တရားရုံးတွင်ဖြစ်စေ၊ တရားရုံးပြင်ပတွင်ဖြစ်စေ တရားစီရင်ရေးအဖွဲ့အစည်းနှင့် တရားသူကြီးများ၏ သမာသမတ် ကျစွာ ပြုမူဆောင်ရွက်ကြောင်း သေချာ ပေါ်လွင်ထင်ရှားစေရမည်။

၃။ တရားသူကြီးသည် အမှုကြားနာခြင်း သို့မဟုတ် စီရင်ချက်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အရည်အချင်းပျက်ယွင်းကြောင်း မှတ်ယူနိုင်သည့် အခြေအနေမျိုးကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

၄။ တရားသူကြီးများသည် မိမိစစ်ဆေးနေသောအမှု သို့မဟုတ်

မိမိစစ်ဆေးစီရင်နိုင်ဖွယ်ရာရှိသော အမှု၏ရလဒ်နှင့် မျှတသည့် စစ်ဆေးစီရင်မှုလုပ်ငန်းစဉ်အား ထိခိုက်စေနိုင်မည့် ထင်မြင်သုံးသပ်ချက်များကို သိလျက်နှင့်မပေးရ။ ယင်းသို့ ထင်မြင်သုံးသပ်ချက်ပေးပါက မျှတသော စစ်ဆေးစီရင်မှုကို ထိခိုက်စေနိုင်သဖြင့် မည်သူကိုမဆို သို့မဟုတ် မည်သည့် အငြင်းပွားမှုမျိုးကိုမဆို အများပြည်သူလူထုရှေ့မှောက်တွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သည့်ထင်မြင်သုံးသပ်ချက်ကိုမျှ မပြုရ။

၅။ အသိအမြင်များပြီး၊ ဆင်ခြင်တုံတရားနှင့် သမာသမတ်ရှိသူ တစ်ဦးဦးက တရားသူကြီးတစ်ဦး (သို့မဟုတ် ၎င်း၏ အနီးဆုံးမိသားစု သို့မဟုတ် ရင်းနှီးသောမိတ်ဆွေ သို့မဟုတ် အပေါင်းအပါများ)၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးစီးပွားနှင့် တရားသူကြီး၏ တာဝန်အကြား ဝိရောဓိရှိသည်ဟု ယုတ္တိတန်သော သံသယဖြစ်ပေါ်စေနိုင်လျှင် တရားသူကြီးသည် အမှုဆုံးဖြတ်ရန် အရည်အချင်းပျက်ယွင်းကြောင်း မိမိကိုယ်တိုင် ထုတ်ဖော်ပြောကြားရမည်။ (ထိုတရားသူကြီးသည် အမှုကို ဆက်လက်စစ်ဆေးစီရင်ခြင်း မပြုရ။) အဆိုပါအမှုကိစ္စမျိုးသည် အတိအကျသတ်မှတ်ထားခြင်း မရှိသော်လည်း အောက်ဖော်ပြပါ အခြေအနေမျိုးတွင် အရည်အချင်းပျက်ယွင်းကြောင်း ထုတ်ဖော်ပြောကြားရမည် -

(က) တရားသူကြီးသည် အမှုနှင့်သက်ဆိုင်သော အငြင်းပွား

ဖွယ်ရာဖြစ်သည့် သက်သေခံအချက်အလက်များကို ကိုယ်တိုင် သိရှိနေခြင်း၊

(ခ) တရားသူကြီး သို့မဟုတ် ၎င်း၏မိသားစုဝင်သည် အငြင်းပွားမှု၏ ရလဒ်အပေါ်တွင် ပုဂ္ဂိုလ်ရေးအရ အကျိုးအမြတ်ရှိခြင်း၊

(ဂ) တရားသူကြီးသည် အမှုသည်တစ်ဦးဦး သို့မဟုတ် ရှေ့နေနှင့် ပတ်သက်မှုရှိခြင်း၊

(ဃ) တရားသူကြီး၏ ဇနီး/ခင်ပွန်း သို့မဟုတ် သားသမီး တစ်ဦးဦးသည် အငြင်းပွားမှုတွင် အမွေစားအမွေခံ၊ အမွေဆက်ခံရရှိသူ၊ မြီရှင် သို့မဟုတ် အခြားနည်း အားဖြင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်ရရှိမည့် သူ ဖြစ်ခြင်း သို့မဟုတ် အမှုသည်ဖြစ်ခြင်း သို့မဟုတ် အမှု၏ရလဒ်အပေါ် အဓိကအကျိုးသက်ရောက်သော သူ ဖြစ်ခြင်း။

အောက်ပါ အကြောင်းကိစ္စများသည် အရည်အချင်း ပျက်ယွင်းသည်ဟု မှတ်ယူရန်မသင့် -

(၁) ပေါ်ပေါက်လာသော အကြောင်းကိစ္စသည် အငြင်းပွားမှု ဖြစ်နိုင်ခြေနည်းပါးသော အသေး အဖွဲ့ကိစ္စဖြစ်ကြောင်း

သို့မဟုတ် အမှုကိစ္စကို ဆုံးဖြတ်နိုင်သည့် အရည်အချင်းပျက်ယွင်းကြောင်း ဖြစ်နိုင်ခြေရှိသော အချက်အလက်များကို အထောက်အကူမပြုကြောင်း မြင်သာလျှင် သို့မဟုတ်

(၂) အမှုနှင့်စပ်လျဉ်း၍ အခြားခုံရုံး ဖွဲ့စည်းစစ်ဆေးဆောင်ရွက်နိုင်သော အခြေအနေမရှိလျှင် သို့မဟုတ် အရေးပေါ်အခြေအနေအရ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် တရားစီရင်ရေးတိမ်းစောင်းမှုကို မဖြစ်ပေါ်စေလျှင်။



## အခန်း (၅)

## ဖြောင့်မတ်တည်ကြည်မှု

***အခြေခံမှု*** – မှန်ကန်သော တရားစီရင်ရေးတာဝန်ထမ်းဆောင်မှုတိုင်းအတွက် ဖြောင့်မတ်တည်ကြည်မှုသည် မရှိမဖြစ် လိုအပ်သည်။

ဖြောင့်မတ်တည်ကြည်မှုအတွက် လိုအပ်ချက်များတွင် အောက်ပါတို့ ပါဝင်သည် -

၁။ အကြောင်းအကျိုး လေ့လာသုံးသပ်တတ်သူတစ်ဦး၏ အမြင်တွင် တရားသူကြီးတစ်ဦး၏ ပြုမူဆောင်ရွက်ချက်သည် အပြစ်ဆိုစရာ မရှိအောင် သေချာမှုရှိရမည်။

၂။ တရားသူကြီးတစ်ဦး၏ ပြုမူဆောင်ရွက်ချက်သည် တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ရရှိရန် ထပ်လောင်းအတည်ပြုခြင်း ဖြစ်စေရမည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကပဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရမည်။



# အခန်း (၆)

## ဂုဏ်သိက္ခာရှိမှု

***အခြေခံမှု*** – ဂုဏ်သိက္ခာရှိမှုနှင့် ဂုဏ်သိက္ခာရှိမှုကို ပေါ်လွင်စေခြင်းသည် တရားသူကြီးတစ်ဦး၏ လုပ်ဆောင်မှုတိုင်းအတွက် မရှိမဖြစ် လိုအပ်သည်။ တရားသူကြီးများသည် ပြည်သူလူထုက အစဉ်အမြဲ မှတ်ကျောက်တင်နေကြောင်း မျှော်မှန်းထားရမည်။ ထို့ကြောင့် တရားသူကြီးများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာလုပ်ဆောင်မှုသာမက အတတ်ပညာဆိုင်ရာဆောင်ရွက်မှုတို့တွင် ဂုဏ်သိက္ခာမရှိသော အပြုအမူအားလုံးနှင့် ဂုဏ်သိက္ခာမရှိကြောင်း ပေါ်လွင်စေသော အပြုအမူတို့ကို ရှောင်ကြဉ်ရမည်။ တရားသူကြီး၏ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများသည် ဖြောင့်မတ်တည်ကြည်မှုကို ရောင်ပြန်ဟပ်စေသည်ဖြစ်ရာ တရားသူကြီး၏ ကောင်းမွန်သော အပြုအမူနှင့် အမူအကျင့်တို့ဖြင့် ပြည်သူလူထု၏ယုံကြည်မှုကို ရယူသင့်သည်။

ဂုဏ်သိက္ခာရှိမှုအတွက်လိုအပ်ချက်များတွင် အောက်ပါတို့ပါဝင်ပါသည် -

၁။ မည်သည့်တရားသူကြီးကမျှ တရားစီရင်ရေးတာဝန် ထမ်းဆောင်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တရားစီရင်ရေးတာဝန်များနှင့် အထူးအခွင့်အရေးများကို အကျိုးအမြတ်ရယူခံစားခွင့် မရှိစေရ။

၂။ တရားသူကြီးသည် တာဝန်ထမ်းဆောင်ရာတွင် အမှုသည်၊ ရှေ့နေ ရှေ့ရပ်၊ အမှုနှင့်သက်ဆိုင်သူများထံမှ ဖျော်ဖြေမှု၊ ငွေ၊ လက်ဆောင်နှင့် အခြားမည်သည့်အရာတို့ကိုမျှ လက်ခံရယူခြင်းမပြုရ။

၃။ တရားသူကြီးသည် မည်သည့်စီးပွားရေးဆိုင်ရာ လုပ်ငန်းကိစ္စများတွင်မှ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၄။ တရားသူကြီးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ စသည်တို့အတွက် ဥပဒေအကြံပေး သို့မဟုတ် ရှေ့နေအဖြစ် မဆောင်ရွက်ရ။

၅။ တရားသူကြီးများသည် တရားသူကြီးကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာရုံသာမက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေအရ ဝန်ထမ်း ကျင့်ဝတ်စည်းကမ်းများကိုပါ လိုက်နာရမည်။ တရားသူကြီးကျင့်ဝတ်နှင့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများအကြား ဝိရောဓိတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက တရားသူကြီးကျင့်ဝတ်ကိုသာ လိုက်နာရမည်။

၆။ မိမိယုံကြည်ရာ နိုင်ငံရေးလုပ်ရှားမှုအားလုံးကို တရားသူကြီးအဖြစ် ခန့်အပ်ထားခံရသည်နှင့် ရပ်စဲစေရမည်။ သင့်တင့်သော ဉာဏ်ပညာအမြော်အမြင်ရှိသူတစ်ဦးဦးက တရားသူကြီးသည် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်နေသည်ဟု ထင်မြင်စေသော အပြုအမူမျိုးကို ရှောင်ကြဉ်သင့်သည်။

၇။ တရားသူကြီးများသည် အောက်ပါကိစ္စရပ်များကို ရှောင်ကြဉ်ရမည်-

(က) နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးရန်ပုံငွေစုဆောင်းခြင်းတို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊

(ခ) နိုင်ငံရေးဆိုင်ရာ စုဝေးပွဲသို့ တက်ရောက်ခြင်းနှင့် နိုင်ငံရေးရန်ပုံငွေ ရှာဖွေစုဆောင်းပွဲများသို့ တက်ရောက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများ သို့မဟုတ် ပါတီလှုပ်ရှားမှုများတွင် ငွေကြေးထည့်ဝင်ခြင်း၊

(ဃ) တရားရုံးလုပ်ငန်းကိစ္စများကို တိုက်ရိုက်အကျိုးသက်ရောက်စေသည့် ကိစ္စများ သို့မဟုတ် တရားစီရင်ရေးလွတ်လပ်မှု သို့မဟုတ် တရားစီရင်ရေးစီမံခန့်ခွဲမှု၏ အခြေခံအကြောင်းအရာများမှလွဲ၍ အငြင်းပွားဖွယ်ရာဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် လူသိရှင်ကြားပါဝင်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ကို လွှမ်းမိုးရန်အလို့ငှာ အသနားခံလွှာများ/ လျှောက်လွှာများတွင် လက်မှတ်ရေးထိုးခြင်း၊

၈။ တရားသူကြီး၏မိသားစုဝင်များသည် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများတွင် ဆောင်ရွက်ခွင့်ရှိသော်လည်း အနီးဆုံးမိသားစုဝင်များ၏

ယင်းကဲ့သို့သော နိုင်ငံရေးလှုပ်ရှားမှုသည် တရားသူကြီး၏ သမာသမတ်ကျမှုကို ပြည်သူများအမြင်တွင် မှားယွင်းစွာ သို့မဟုတ် ဆန့်ကျင်စွာ အကျိုးသက်ရောက် စေနိုင်ကြောင်း တရားသူကြီးများက နားလည်သဘောပေါက်သင့်သည်။ တရားရုံးရှေ့သို့ ရောက်ရှိလာသော မည်သည့်အမှုတွင်မဆို တရားသူကြီး၏ သမာသမတ်ကျမှုကို ပြည်သူအမြင်တွင် မှားယွင်းစွာ သို့မဟုတ် ဆန့်ကျင်စွာ အကျိုးသက်ရောက်စေကြောင်း ကျိုးကြောင်းဆီလျော်စွာ သိမြင်နိုင်ပါက တရားသူကြီးသည် အမှုကိုစစ်ဆေးရန် အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း မိမိကိုယ်တိုင်ဖော်ထုတ်ရမည်။

၉။ တရားသူကြီးသည် မိမိရုံးတွင် လိုက်ပါဆောင်ရွက်လျက်ရှိသော ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများ၊ အခြားသက်ဆိုင်သောသူများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်ဆံရေးမျိုးကို ရှောင်ကြဉ်ရမည်။

၁၀။ တရားသူကြီးတစ်ဦးသည် မိမိ၏မိသားစုနှင့် ဆွေမျိုးသားချင်းတို့ အမှုသည်အဖြစ် ပါဝင်နေသည့်အမှုများကို မိမိကိုယ်တိုင် စစ်ဆေးခြင်း မပြုရ။ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ အမှု၏ရလဒ်ကို ထိခိုက်စေနိုင်သည့် မသင့်လျော်သော ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်ခြင်းကို မပြုလုပ်ရ။

၁၁။ တရားသူကြီးတစ်ဦးသည် အမှုအတွင်း ပွင့်လင်းမြင်သာသော ပြုမူဆောင်ရွက်မှုမှလွဲ၍ အမှုနှင့် သက်ဆိုင်သူတစ်ဦးဦးနှင့် တွေ့ဆုံခြင်း

သို့မဟုတ် ဆွေးနွေးခြင်း မပြုရ။

၁၂။ တရားသူကြီးတစ်ဦးသည် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် မည်သည့်အပြုအမူကိုမဆို ရှောင်ကြဉ်ရမည်။

၁၃။ တရားစီရင်ရေးတာဝန်နှင့် ဆက်စပ်သောကိစ္စများမှလွဲ၍ လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြသခြင်းတို့ကို မပြုလုပ်ရ။

၁၄။ တရားသူကြီးတစ်ဦး၏ ငွေကြေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်မှုသည် တရားစီရင်ရေးတာဝန်ထမ်းဆောင်ရာတွင် ၎င်း၏အရည်အချင်းကို လျော့ပါးစေနိုင်ပြီး၊ ပြည်သူအများ၏ ယုံကြည်ကိုးစားမှုတွင် ၎င်း၏ပုံရိပ်ကိုပါ ထပ်မံ ထိခိုက်စေနိုင်ပါသည်။ အလားတူပင် တရားသူကြီးတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများတွင် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူများနှင့် ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ခြင်းမပြုသင့်ပါ။ (ဥပဒေရေးရာစာအုပ်၊ စာတမ်းရေးသားထုတ်ဝေခြင်း သို့မဟုတ် ဝါသနာအရ လှုပ်ရှားဆောင်ရွက်မှုများ သို့မဟုတ် မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလားတူ ဆောင်ရွက်ခြင်းမျိုးသည် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအနေဖြင့် အဓိပ္ပါယ် မသက်ရောက်ပါ။)

၁၅။ တရားသူကြီး၏ တရားစီရင်ရေးနှင့်မသက်ဆိုင်သော ပြင်ပလုပ်ရှားမှုများသည် ၎င်း၏သမာသမတ်ရှိခြင်း၊ ရိုးသားခြင်း အပေါ် ပြည်သူများက ယုံကြည်ကိုးစားမှုကို ဆုတ်ယုတ်လျော့ပါး စေနိုင်သည်။ တရားစီရင်ရေးနှင့် မသက်ဆိုင်သော ပြင်ပလှုပ်ရှားမှု များတွင် တရားရုံး၏ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း သို့မဟုတ် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို လွှမ်းမိုးခြင်း၊ တရားသူကြီး ၏ သမာသမတ်ကျမှုကို ထိခိုက်ခြင်းတို့ မရှိသရွေ့ တရားသူကြီး တစ်ဦးသည် ပါဝင်ဆောင်ရွက်နိုင်သည်။ အထူးသဖြင့် တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးနှင့် မသက်ဆိုင်သော ပြင်ပလှုပ်ရှားမှုများတွင် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှု သို့မဟုတ် ဖော်ပြပါအချက်များ နှင့်စပ်လျဉ်း၍ ပြည်သူလူထု နားလည်သဘောပေါက်မှု တိုးတက် စေရန်အတွက် ဆောင်ရွက်နိုင်သည်။ တရားစီရင်ရေးတာဝန်များ ကို သေချာစွာ ထမ်းဆောင်နေသော တရားသူကြီးတစ်ဦးအနေဖြင့် အောက်ဖော်ပြပါ ဥပဒေရေးရာနှင့် ဆက်စပ်သော လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် သမာသမတ်ကျစွာ ဆုံးဖြတ်ဆောင်ရွက်နိုင်သော တရားသူကြီး၏ အရည်အချင်းပေါ်တွင် သံသယဖြစ်ဖွယ် မရှိပါ-

(က) တရားသူကြီးတစ်ဦးသည် တရားဥပဒေ၊ တရားဥပဒေ

စနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့် စပ်လျဉ်းသော လုပ်ရှားဆောင်ရွက်မှုများတွင် ပြောဆိုရေးသားပို့ချသင်ကြားခြင်းကို ဆောင်ရွက်နိုင်သည်။

(ခ) တရားသူကြီးတစ်ဦးသည် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့် စပ်လျဉ်းသော ကိစ္စများအပေါ် အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေပြုအဖွဲ့အစည်း သို့မဟုတ် အခြားအစိုးရဌာနတို့နှင့် ပူးပေါင်း၍ အများပြည်သူဆိုင်ရာနေရာတွင် သွားရောက်နိုင်သည် သို့မဟုတ် အကြံပြုနိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် တရားသူကြီးတစ်ဦးအနေဖြင့် တရားစီရင်ရေးအတွေ့အကြုံများကို ဖြန့်ဝေပေးသည်ဟု အများက ထင်မြင်ပေလိမ့်မည်။

(ဂ) တရားသူကြီးတစ်ဦးသည် တရားဥပဒေ၊ တရားဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အစိုးရနှင့် သက်ဆိုင်သော အဖွဲ့အစည်းတစ်ခုခုတွင် အဖွဲ့ဝင် သို့မဟုတ် အရာရှိ သို့မဟုတ် ညွှန်ကြားသူအဖြစ် တာဝန်ထမ်းဆောင်နိုင်သည်။

၁၆။ တရားသူကြီးတစ်ဦးသည် သတင်းမီဒီယာများနှင့် ဆက်သွယ်တွေ့ဆုံရသည့်အခါ ပြဋ္ဌာန်းထားသော တရားရုံးသတင်းမီဒီယာလက်စွဲအတိုင်း ရည်ညွှန်းဆောင်ရွက်ရမည်။

၁၇။ တရားသူကြီးများသည် အမှုသည်များ၊ သက်သေများ၊ ရှေ့နေရှေ့ရပ်များ၊ တရားရုံးနှင့် ဆက်ဆံနေကြသော အခြားသူများအပေါ် စိတ်ရှည်သည်းခံ၍ သိက္ခာရှိရှိနှင့် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရမည်။ တရားသူကြီးများသည် ဥပဒေအရ ကိုယ်စားပြုသူများ၊ တရားရုံးဝန်ထမ်းများနှင့် အခြားသူများအပေါ်တွင်လည်း အလားတူပြုမူဆက်ဆံရန် လိုအပ်သည်။



**Layout & Design : IT & PR Department**

www.unionsupremecourt.gov.mm